Burmese

၂၀၂၂

**ဘဖလိုး ပညာရေးဘုတ်အဖွဲ့**

အချက်လက်နည်းပညာအတွက် လက်ခံနိုင်သည့် အသုံးပြုမှု မူဝါဒ

*ကျောင်းသား*

ဘဖလိုးအစိုးရကျောင်းစံနစ်မှ ကျောင်းသားများအတွက် ပညာရေးတွင် အသုံးပြုရန်ကွန်ပြူတာများနှင့် နက်ဝပ်များ ပံ့ပိုးပေးထားပါသည်။ ဘဖလိုးအစိုးရကျောင်းစံနစ်မှပေးထားသည့် ကွန်ပြူတာများ နက်ဝပ်များ အထောက်ပံ့များ ပစ္စည်းကရိယာများကို အသုံးပြုနေစဉ်တွင် ကျောင်းသားများအနေဖြင့်

**အခြားသူများ၏ ကိုယ်ရေးလုံခြုံရေးနှင့် ဘဖလိုးအစိုးရကျောင်းများ၏စံနစ်ကိုလေးစားပါ။**

- သင့် အိုင်ဒီနှင့်ပါတ်စ်ဝပ်ကိုသာ အသုံးပြုပါ- အခြားသူ အသုံးပြုသည့် အိုင်ဒီနှင့် ပါတ်စ်ဝပ်ကို အသုံးမပြုပါနှင့်။
- သင့်ပါတ်စ်ဝပ်ကို အခြားသူများနှင့် မမျှဝေပါနှင့်။
- အခြားသူများ၏ ပါတ်စ်ဝပ်ကို သိအောင် မကြိုးစားပါနှင့်။
- ကွန်ပြူတာများ နက်ဝပ်များ ပစ္စည်းများ သို့မဟုတ် အချက်လက်များကို ဖျက်ဆီး ကြားဖျက် နှောက်ယှက်ရန် မကြိုးစားပါနှင့်။
- အမုန်တရား အနှောက်ယှက် စော်ကားမော်ကား ထိုးနှက်မှု အမှားအယွင်း သို့မဟုတ် အသရေဖျက်ခြင်း လိင်အသားပေး ညစ်ညမ်းမဖွယ်မရာပုံ သို့မဟုတ် မသင့်လျော်သည်များကို ရယူခြင်း သိမ်းဆည်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းများမပြုလုပ်ပါနှင့်။
- အခြားသူများ၏ ပညာရေး သို့မဟုတ် လုပ်ငန်းဆောင်တာများကို မနှောက်ယှက်ပါနှင့်။

**အချက်လက်များနှင့် ဆော့ဖ်ဝဲလိုင်စဉ်များနှင့် မူပိုင်ခွင့်ကို လေးစားပါ။**

- လိုင်စင်သဘောတူညီမှုများ သို့မဟုတ် မူပိုင်ခွင့်ဥပဒေများကို ချိုးဖေါက်ပြီး ဆော့ဖ်ဝဲများဖြန့်ခြင်း ဒေါင်းလုတ်ဆွဲခြင်း အင်စတောလုပ်ခြင်း မိတ္တူကူးခြင်းများ မလုပ်ပါနှင့်။
- မူပိုင်ခွင့်ဥပဒေများကို ချိုးဖေါက်ပြီး အချက်လက်များအား ကူးယူခြင်း မျှဝေခြင်း သို့မဟုတ် လွှဲပြောင်းခြင်းများမပြုလုပ်ပါနှင့်။ **မိမိတို့၏ ကွန်ပြူတာများ နက်ဝပ်များနှင့် ပစ္စည်းကရိယာများ၏ ဂုဏ်သရေကို လေးစားပါ။**
- သင်အခွင့်မရှိသည့် ကွန်ပြူတာများ နက်ဝပ်များကို ဝင်ရောက်ရန် မကြိုးစားပါနှင့်။
- ဘဖလိုးအစိုးရကျောင်းစံနစ်ကွန်ပြူတာများတွင် ဆော့ဖ်ဝဲ သို့မဟုတ် အခြားအရံပစ္စည်းများ မတပ်ဆင်ပါနှင့်။ ဘဖလိုးအစိုးရကျောင်းစံနစ် နက်ဝပ်သို့ ကွန်ပြူတာ နက်ဝပ် သို့မဟုတ် အခြားကရိယာများ မချိတ်ပါနှင့်။
- ကာကွယ် စောင့်ကြည့်ရန်ပြုလုပ်ထားသည့် မည်သည့်လုံခြုံရေးစံနစ်မဆို သို့မဟုတ် လက္ခဏာများကို သို့မဟုတ် ကန့်သတ်ထားသည့်အရာများကို မကျော်လွှားပါနှင့် (ဥပမာ ဘဖိုးအစိုးရကျောင်းစံနစ် ဝဘ်အကန့်သတ်ကို ရှောင်ရှားရန် အင်တာနက်ကြားခံဆာဗာကို အသုံးမပြုပါနှင့်)
- ကွန်ပြူတာ သို့မဟုတ် နက်ဝပ်ကိုပျက်ဆီးစေနိုင်သည့် သို့မဟုတ် "ချိုးဖေါက်ဝင်ရောက်" ရန်အသုံးပြုနိုင်သည့် ဆော့ဖ်ဝဲ သို့မဟုတ် ကရိယာများ သို့မဟုတ် ဖန်တီးခြင်း ဒေါင်းလုဒ်ဆွဲခြင်း တပ်ဆင်ခြင်းမပြုလုပ်ပါနှင့်။
- ကွန်ပြူတာများ နက်ဝပ်များ သို့မဟုတ် ကရိယာများကို ပြောင်းရွှေ့ခြင်း ဖယ်ရှားခြင်း မပြုလုပ်ပါနှင့်။
- ဘဖလိုးအစိုးရကျောင်းစံနစ်မှ ဝန်ထမ်းများ အချက်လက်များရယူမည့်လမ်းကြောင်းမှ ဖယ်ထားရန် ဆော့ဖ်ဝဲသို့မဟုတ်ဟာဒ်ဝဲကိုအသုံးမပြုပါနှင့်။ **အသုံးပြုခွင့်ပြုထားသည့်ရည်ရွယ်ချက်များဖြင့်သာ အချက်လက်စံနစ်များကို အသုံးပြုပါ။**
- ပညာရေးလုပ်ဆောင်မှုများအတွက်သာ ကွန်ပြူတာများနှင့်နက်ဝပ်များကို အသုံးပြုပါ- တားမြစ်ထားသည့် သို့မဟုတ် တရားမဝင်လုပ်ဆောင်မှုများ သို့မဟုတ် ပညာရေးနှင့်မဆိုင်သည့် ဂိမ်းများကို မကစားပါနှင့်။
- ဘဖလိုးအစိုးရကျောင်းစံနစ်မှ ပံ့ပိုးထားဒါမဟုတ်သည့် ကွန်ပြူတာ သို့မဟုတ် မည်သည့်နက်ဝပ်များကိုမှ အသုံးပြုပြီး ဘလိုးအစိုးရကျောင်းစံနစ်အဆောက်အဦး များမှ အင်တာနက်ကို မသုံးပါနှင့်။
- ကွန်ပြူတာအလုပ်လုပ်ချိန်နှင့် သိုလောင်မှုပမာဏ နက်ဝပ်စွမ်းရည် သို့မဟုတ် နည်းပညာအချက်လက်အထောက်ပံ့များကို မဖြုန်းတီးပါနှင့်။ **အချက်လက်များ ပျောက်ဆုံးခြင်း ခိုးခံရခြင်း ဖွင့်ပြရခြင်း သို့မဟုတ် အခွင့်မရှိပဲအသုံးပြုခြင်းမျိုးများမှ ကာကွယ်ပါ။**
- သင့်တွင်အခွင့်မရှိသည့် သို့မဟုတ် အခြားသူများကိုကူရန် အခွင့်မရှိသည့် အချက်လက်များကို မျှဝေခြင်း သို့မဟုတ် ရယူခြင်းကို မပြုလုပ်ပါနှင့်။
- အခြားသူများကို ဘဖလိုးအစိုးရကျောင်းစံနစ်များမှ ကွန်ပြူတာများ သို့မဟုတ် နက်ဝပ်များအား ရယူနိုင်သည့် အခွင့်များဖြစ်ပေါ်စေမည့် အချက်လက်များ မပေးပါနှင့်။
- သင့်အတွက်သတ်မှတ်ပေးထားသည့် ကွန်ပြူတာအား ပျောက်ဆုံး ခိုးခံရ ပျက်စီး သို့မဟုတ် အခွင့်မရှိပဲသုံးခြင်းမှ ကာကွယ်စောင့်ရှောက်ပါ။

• ပျောက်ဆုံး အခိုးခံရ တရားမဝင်ပြသမှု သို့မဟုတ် ဆရာ သို့မဟုတ် အုပ်ချုပ်ရေးထံ တရားမဝင်ချည်းကပ်မှု

မှတ်ချက်။ ဘဖလိုးအစိုးရကျောင်းစံနစ်မှ ၎င်း၏ကွန်ပြူတာနှင့်နက်ဝပ်များကို ကလေးအင်တာနက်ကာကွယ်ရေးအဒ်ဥပဒေ Child Internet Protection Act (CIPA) နှင့်အညီ စောင့်ကြပ်ကြည့်ရှုပြီး အချက်လက်များ သိုမှီးခြင်း ကူးပြောင်းခြင်းနှင့် လှစ်ဟပြခြင်းတို့နှင့်ဆက်စပ်ပြီး အကာကွယ်ပြုသည့် အခြားဘေးကင်းရေး အရာများကိုလည်း တပ်ဆင်ထားသည်။ ကိုယ်ရေးအချက်လက်လုံခြုံရေးနှင့်ပါတ်သက်ပြီး ဘဖိုးအစိုးရကျောင်းစံနစ် ကွန်ပြူတာများနက်ဝပ်များသုံးနေစဉ်တွင် ကျောင်းသားများအနေဖြင့် ခွင်းချက်မရှိပါ။

## နယ်ပယ်နှင့် ဒဏ်ခတ်မှုများ

ဤမူသည် ဘဖလိုးအစိုးရကျောင်းစံနစ်မှ ကျောင်းသားအားလုံးနှင့်သက်ဆိုင်သည်။ ဘဖလိုးအစိုးရကျောင်းစံနစ်မူကို ချိုးဖေါက်ခြင်းသည် ကွန်ပြူတာအသုံးပြုခွင့် ဆုံးရှုံးနိုင်ပြီး စည်းကပ်ထိမ်းခံရနိုင်သည်။ အချို့အခြေအနေများတွင် ဘဖလိုးအစိုးရကျောင်းစံနစ်မူကို ချိုးဖေါက်ခြင်းသည် နိုင်ငံသား နှင့်/သို့မဟုတ် ရာဇဝတ်မှုဆိုင် ရာ တာဝန်ယူမှုအထိ မြင့်တက်လာနိုင်သည်။ ဘဖလိုးအစိုးရကျောင်းစံနစ်မှလည်း တရားမဝင် ချည်းကပ် အသုံးပြု သို့မဟုတ် အချက်လက်သိုမှီးရာများကို ဖျက်ဆည်းပါ သင့်လျော်သည့် ဥပဒေအရဆောင်ရွက်မှုများ လုပ်ဆောင်နိုင်သည်။

ပညာရေးဘုတ်အဖွဲ့မူဝါဒ နံပါတ် ၁၄၂၀ အရ ခရိုင်ပညာရေးအား အပ်နှင်းထားသည့်အခွင့်အာဏာအရ ဤတွင် လက်ခံနိုင်သည့်အင်တာနက်အသုံးပြုမှုကို ကြီးကြပ် ရန်အတွက် အထက်ဖေါ် ပြပါ လုပ်ငန်းစဉ်ကို မိမိအတည်ပြုပြီး ဤအကြောင်းအရာအပေါ် အရင်ကထားရှိသည့် ခရိုင်လုပ်ငန်းစဉ်ကို ပြန်လည်ရုပ် သိမ်းလိုက်သည်။

Dr. Tonja. Williams,
ခရိုင်ပညာရေးမှူး
ဩဂါတ်စ် ၂၊ ၂၀၂

| | |
|---|---|
| မိဘအမည် (ကျေးဇူးပြု၍ရေးပါ) | ကျောင်းသားအမည် (ကျေးဇူးပြု၍ရေးပါ) |
| မိဘလက်မှတ် | ကျောင်းသားလက်မှတ် |

ရက်စွဲ ______________________________ ပင်မအခန်း ______________________